## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၅/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၅) ရက်

| ၅- ၁၂- ၂၀၂၄ | |
|---|---|
| **ငွေကြေး အမျိုးအစား** | **ငွေလဲလှယ်နှုန်း (ကျပ်)** |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၁၄.၁၄ |
| စင်္ကာပူဒေါ်လာ | ၁၅၆၈.၀၄ |
| စတာလင်ပေါင် | ၂၆၇၅.၁၉ |
| ဂျပန်ယန်း (၁၀၀) | ၁၄၀၃.၀၄ |
| တရုတ်ယွမ် | ၂၈၉.၀၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၈၁ |
| အိန္ဒိယရူပီး | ၂၄.၇၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၈.၆၀ |
| မလေးရှား ရင်းဂစ် | ၄၇၄.၃၆ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၂၉ |
| ထိုင်းဘတ် | ၆၁.၅၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

  - ကမ္ဘာ့ဆန်ဈေးကွက်တွင် ပါကစ္စတန်သည် အိန္ဒိယအတွက် အဓိကပြိုင်ဖက်ဖြစ်လာ
  - အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်မရှင်မှ အိန္ဒိယ၊ အီကွေဒေါ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အေးခဲပုစွန်များအပေါ် အကောက်ခွန်တိုးမြှင့် စည်းကြပ်သွားရန် အတည်ပြု
  - ရုရှားတွင် ကော်ဖီဈေးနှုန်းများ ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်း

- **အထွေထွေသတင်းများ**

  - ရုရှားတွင် အလုပ်လက်မဲ့နှုန်းသည် ၂.၃ ရာခိုင်နှုန်းဖြင့် ထပ်မံစံချိန်တင်နိမ့်ကျ
  - ရုရှားအစိုးရက ခေတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ရုပ်သိမ်း

## ကမ္ဘာ့ဆန်စျေးကွက်တွင် ပါကစ္စတန်သည် အိန္ဒိယအတွက် အဓိကပြိုင်ဖက်ဖြစ်လာ

ကမ္ဘာ့ဆန်စျေးကွက်တွင် ဆန်စျေးနှုန်းများ ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ မကြာသေးခင်က ပြန်လည်မြင့်တက်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အဓိကပြိုင်ဖက်ဖြစ်လာကြောင်း သိရသည်။ ထိုင်းနိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဖြူ ၁ တန်လျှင် ကန်ဒေါ်လာ ၅၁၆၊ ဗီယက်နမ်နိုင်ငံမှ ၁ တန်လျှင် ၅၂၄ ဖြင့် တင်ပို့ရောင်းချလျက်ရှိစဉ် ပါကစ္စတန်ဆန်ကို ၁ တန်လျှင် ကန်ဒေါ်လာ ၄၅၅ မှ ၄၅၉ အတွင်း၌ သတ်မှတ်၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အိန္ဒိယမှ ဆန်ဖြူစျေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၄၅၃ မှ ၄၅၇ အတွင်း ၁၀ ဒေါ်လာခန့် မြင့်တက်လာခဲ့ကြောင်း၊ မကြာမီရောက်ရှိလာမည့် ဆန်သစ်များအတွက် သင်္ဘောပေါ်အရောက်စျေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၆၀ ဖြင့် ကမ်းလှမ်းထားကြောင်း စိုက်ပျိုးရေးပို့ကုန်လုပ်ငန်းရှင်များအသင်း(Agri Commodities Exporters Association - ACEA)၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Prakash က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ ရူပီးတန်ဖိုးမှာ အိန္ဒိယနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျသည့်အတွက် ၎င်းအတွက် အနည်းငယ် အသာစီးရရှိစေကြောင်း၊ အိန္ဒိယနိုင်ငံသည် ဆန်ဖြူကို ၁ လ လျှင် ၁ သန်းမှ ၁ ဒသမ ၃ သန်းခန့်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံရှိ ဝယ်သူအချို့က ပါကစ္စတန် ဆန်နှင့် ပတ်သက်၍ အရည်အသွေးပိုင်း စိတ်မချရကြောင်း ပြောကြားခဲ့သည်။

တစ်ဖက်တွင် ပါကစ္စတန်နိုင်ငံသည် ကုန်တင်စရိတ်သက်သာသည့် အားသာချက်ရှိကြောင်း၊ အထူးသဖြင့် ကရာချိဆိပ်ကမ်းမှ မောရိရှနိုင်ငံ လူးဝစ်ဆိပ်ကမ်း (Louis) သို့ တင်ပို့ရာ လမ်းကြောင်းအတွက် ကုန်သေတ္တာ ၁ လုံးလျှင် ကန်ဒေါ်လာ ၄၅ ခန့်သာကုန်ကျပြီး၊ အိန္ဒိယနိုင်ငံ မူဒရာ (Mundra) ဆိပ်ကမ်းမှ အဆိုပါဆိပ်ကမ်းသို့အရောက် ကန်ဒေါ်လာ ၉၀ ခန့် ကုန်ကျကြောင်း သိရသည်။ ၎င်းအနေဖြင့် တရုတ်နိုင်ငံမှ သွင်းကုန်အမြောက်အများတင်သွင်းလျက်ရှိပြီး၊ အဆိုပါ ကုန်သေတ္တာအလွတ်များကို အသုံးပြု၍ ပြန်လည် တင်ပို့လျက်ရှိသည့်အတွက် ကုန်သေတ္တာစရိတ် သက်သာရခြင်းဖြစ်ကြောင်း သိရ သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ် စက်တင်ဘာမှစတင်၍ ပြည်ပသို့ဆန်တင်ပို့မှု ကန့်သတ်ပိတ်ပင်ခဲ့ကာ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ဆန်ဖြူအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံခဲ့သည်။ သို့သော် နိုင်ငံအနေဖြင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က ဆန် မက်ထရစ်တန်ချိန် ၁၃၅ ဒသမ ၇၅

Agribusiness & Trade

သန်းနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က ဆန်မက်ထရစ်တန်ချိန် ၁၃၇ ဒသမ ၈၂ သန်း ထုတ်လုပ်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဆန်ဈေးကွက်တွင် လွှမ်းမိုးထားနိုင်သည့် အခြေအနေကို တွေ့ရှိရကြောင်း သိရသည်။

နိုင်ငံအတွင်း အီသနောထုတ်လုပ်မှုအတွက် အသုံးပြုလျက်ရှိသော ဆန်ကွဲကို ပြည်ပသို့ တင်ပို့မှု ဆက်လက်ပိတ်ပင်ခဲ့သော်လည်း၊ ပြည်တွင်းရှိ ဆန်ဂိုဒေါင်များ၌ ဆန်များပိုလျှံလျက်ရှိသည့်အတွက် ယခုနှစ် စက်တင်ဘာလတွင် ပြည်ပသို့ ဆန်ဖြူတင်ပို့မှု ပြန်လည်ခွင့်ပြုပေးခဲ့သည်။ သို့သော် ပါကစ္စတန်နိုင်ငံမှ ဈေးနှုန်းပိုမိုသက်သာသော ဆန်များကို တင်ပို့ရောင်းချလျက်ရှိခြင်းက ကမ္ဘာ့ဆန်ဈေးကွက်တွင် အိန္ဒိယနိုင်ငံအတွက် လွှမ်းမိုးရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေကြောင်း သိရသည်။

သို့ပါ၍ ပါကစ္စတန်နိုင်ငံမှ ဆန်ဖြူတင်ပို့မှုသည် အိန္ဒိယနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း သိရှိနိုင်ပါရန်နှင့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ လတ်တလောရောင်းချလျက်ရှိသည့် ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဖြူ ၁ တန်ဈေးနှုန်းများကို သိရှိပြီး လိုအပ်သကဲ့သို့ အသုံးပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Ref: The Hindu Businessline, Pakistan offers India stiff competition as global rice prices rise after sharp fall, November 29, 2024

.................................................................................................................

## အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်မရှင်မှ အိန္ဒိယ၊ အီကွေဒေါ၊ ဗီယက်နမ်နှင့် အင်ဒိုနီရှားနိုင်ငံတို့မှ အေးခဲပုစွန်များအပေါ် အကောက်ခွန်တိုးမြှင့် စည်းကြပ်သွားရန် အတည်ပြု

အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်မရှင် (International Trade Commission -ITC)မှ အိန္ဒိယ၊ အီကွေဒေါ၊ ဗီယက်နမ်နှင့် အင်ဒိုနီရှားနိုင်ငံတို့မှ အေးခဲပုစွန်များအပေါ် အကောက်ခွန်တိုးမြှင့် စည်းကြပ်သွားရန် အတည်ပြုထောက်ခံခဲ့ကြောင်း သိရသည်။ အဆိုပါ သွင်းကုန်များကြောင့် အမေရိကန်ပင်လယ်စာလုပ်ငန်းများအပေါ် ထိခိုက်မှုရှိခဲ့ပြီးနောက် အမေရိကန် ပြည်ထောင်စု ကုန်သွယ်ရေးဝန်ကြီးဌာနက တန်ပြန်ခွန် (countervailing duty-CVD)

တိုးမြှင့်၍ စည်းကြပ်ကောက်ခံရန် ဆုံးဖြတ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက နိုဝင်ဘာလ ၂၂ ရက်က ဖော်ပြသည်။

အဆိုပါ ဆုံးဖြတ်ချက်ကြောင့် အိန္ဒိယပုစွန်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တိုးမြှင့်လိုက်သည့် တန်ပြန်ခွန်ကို ထပ်မံပေးဆောင်ကြရမည်ဖြစ်ကာ အထူးသဖြင့် လွန်ခဲ့သော ၆ လခန့်အတွင်း ရောင်းချခဲ့ပြီးဖြစ်သည့် ပို့ကုန်များအပေါ် အကျိုးသက်ရောက်မှုရှိကာ ဘဏ္ဍာရေးအရ ထိခိုက်နစ်နာမှုများရှိလာမည်ဟု InCred Capital မှ လေ့လာဆန်းစစ်သူ Nitin Awasthi က ပြောကြားခဲ့သည်။ အီကွေဒေါနိုင်ငံအနေဖြင့် အဆိုပါ တန်ပြန်ခွန်နှင့်ပတ်သက်၍ အိန္ဒိယကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်သည့်အနေ အထားဖြစ်သဖြင့် ၎င်းတို့အနေဖြင့် ဈေးကွက်ဝေစုလျှော့သွားကာ အမြတ်နည်းပါးနိုင်သည့် အခြေအနေဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနမှ အိန္ဒိယအေးခဲပုစွန်အပေါ် CVD ၅ ဒသမ ၇ ရာခိုင်နှုန်း စည်းကြပ်ပြီး အီကွေဒေါနိုင်ငံအား ၃ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့အပေါ် ၂ ဒသမ ၈၄ ရာခိုင်နှုန်း အသီးသီးစည်းကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု ပုစွန်ပြုပြင်ထုတ်လုပ်ရောင်းချသူများအသင်း (American Shrimp Processors Association) မှ အိန္ဒိယ၊ အီကွေဒေါ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပို့ကုန်များအပေါ် အရေးယူဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့တင်ပြခဲ့ပြီးနောက် ယခုကဲ့သို့ စုပုံရှင်းရောင်းချမှုဆိုင်ရာ အကောက်ခွန် (antidumping) သို့မဟုတ် CVD တိုးမြှင့်ကောက်ခံသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ အကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့သည့်အတွက် အိန္ဒိယကုမ္ပဏီများမှ အံ့အားသင့် လျက်ရှိချိန်တွင် အီကွေဒေါကုမ္ပဏီများမှ အကောက်ခွန်လျှော့ပေါ့ပေးရန် သက်ဆိုင်ရာနှင့် ညှိနှိုင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အီကွေဒေါရေထွက်ကုန် ကုမ္ပဏီများအနေဖြင့် အိန္ဒိယကုမ္ပဏီများနှင့် နှိုင်းယှဉ်လျှင် လက်ဦးမှုရယူထားနိုင်သည့်အတွက် ၎င်းတို့အပေါ်ထိခိုက်မှုရှိလာနိုင်ကြောင်း Awasthi က ပြောကြားခဲ့သည်။

ယင်းသို့ အိန္ဒိယနိုင်ငံအနေဖြင့် CVD ၅ ဒသမ ၇၇ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သောကြောင့် အိန္ဒိယ ပင်လယ်စာများမှာ ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသို့ အေးခဲပုစွန် အဓိကတင်ပို့ရောင်းချလျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ကာ ယခုတိုးမြှင့်ကောက်ခံလိုက်သည့်အခွန်ကြောင့် အမေရိကန်ပြည်တွင်း၌ ပုစွန်ဈေးနှုန်းများ မြင့်တက်လာမည် ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြည်တွင်းဝယ်လိုအား

Agribusiness & Trade

ကို ပြည့်မှီအောင်ဖြည့်ဆည်းပေးနိုင်မည့် ဇစ်မြစ်များ အကန့်အသတ်ဖြင့်ရှိနေသည့်အတွက် သွင်းကုန်များကို သင့်တင့်မျှတသော ဈေးနှုန်း၌ ရှိစေသင့်ကြောင်း၊ ယခုကဲ့သို့ အကောက်ခွန်တိုးမြှင့်လိုက်ခြင်းကြောင့် ပြည်တွင်း စားသုံးသူများအနေဖြင့် ပုစွန်ကို ဈေးကြီးပေးဝယ်ကြရမည်ဖြစ်ရာ မလိုလားသော တန်ပြန်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာဖွယ်ရှိကြောင်း ပင်လယ်စာအသိုင်းအဝိုင်းမှ ကျွမ်းကျင်သူများက သုံးသပ်ပြောကြားကြသည်။

အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယပုစွန်များတင်ပို့ရာ အကြီးဆုံးဈေးကွက်တစ်ခုဖြစ်ကာ လွန်ခဲ့သောနှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံတင်ပို့ရောင်းချခဲ့ကာ ပင်လယ်စာတင်ပို့မှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သို့ပါ၍ အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်မရှင် (International Trade Commission -ITC)မှ အိန္ဒိယ၊ အီကွေဒေါ၊ ဗီယက်နမ်နှင့် အင်ဒိုနီရှားနိုင်ငံတို့မှ အေးခဲပုစွန်များအပေါ် အကောက်ခွန်တိုးမြှင့် စည်းကြပ်သွားရန် အတည်ပြုထားသည့်အတွက် မြန်မာနိုင်ငံမှ အမေရိကန် ပြည်ထောင်စုသို့ အေးခဲပုစွန် တင်ပို့ရောင်းချသူများအနေဖြင့် ဈေးနှုန်းအရ ယှဉ်ပြိုင်တင်ပို့ရောင်းချရန် အခွင့်အလမ်းရှိပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်ခေါင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Ref: The Hindu Businessline, US International Trade Commission approves countervailing duties on frozen shrimp imports, November 22, 2024

## ရုရှားတွင် ကော်ဖီဈေးနှုန်းများ ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်း

၂၀၂၅ ခုနှစ်တွင် ဘရာဇီးနှင့် ဗီယက်နမ်နိုင်ငံတို့၌ ကော်ဖီရိတ်သိမ်းနိုင်မှု ကျဆင်းခြင်းကြောင့် ကော်ဖီဈေးနှုန်းများ လေးပုံတစ်ပုံမြင့်တက်လာနိုင်ကြောင်း စိစစ်မှုဆိုင်ရာ အဆင့်သတ်မှတ်ရေးအေဂျင်စီ(ACRA)မှ ကျွမ်းကျင်သူ Mr. Anton Trenin က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ကော်ဖီထုတ်လုပ်နိုင်ခြင်းမရှိဘဲ သွင်းကုန်များအပေါ်တွင်သာ လုံးဝမှီခိုနေရကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ မိုးခေါင်မှုနှင့် ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းကျ

ရောက်မှုတို့ကြောင့် ကော်ဖီဈေးနှုန်းများသည် ၂၀-၂၅ ရာခိုင်နှုန်းအထိ တိုးလာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ကော်ဖီထုတ်လုပ်မှုအားလုံးကို အာရေးဗီကာ(Arabica) ၇၀ ရာခိုင်နှုန်းနှင့် ရိုဘတ်စတာ(Robusta) ၃၀ ရာခိုင်နှုန်းဟု ပိုင်းခြားနိုင်ကြောင်း၊ ကမ္ဘာ့အကြီးဆုံးကော်ဖီ ထုတ်လုပ်သူ ဘရာဇီးသည် အာရေးဗီကာ လိုအပ်ချက်၏ သုံးပုံတစ်ပုံခန့်ကို ဖြည့်ဆည်းပေးထားကြောင်း၊ သို့သော် ယခုနှစ်တွင် ဘရာဇီး၌ မိုးခေါင်ရေရှားမှုကြောင့် ကော်ဖီဈေးကွက်ကို ထိခိုက်နေကြောင်း၊ ကမ္ဘာ့အကြီးဆုံး ရိုဘတ်စတာထုတ်လုပ်သည့် ဗီယက်နမ်တွင်လည်း တိုင်ဖွန်းမုန်တိုင်းကြောင့် ကော်ဖီရိတ်သိမ်းနိုင်မှု လျော့နည်းမည်ဖြစ်ကြောင်း၊ ယင်းကြောင့် ရုရှားစားသုံးသူများသည် ကော်ဖီဈေးနှုန်းများ သိသိသာသာမြင့်တက်မှုကို ဆက်လက်ရင်ဆိုင်ရဖွယ်ရှိကြောင်း Mr. Anton Trenin က သုံးသပ်ထားသည်။

ယခုတစ်ပတ်တွင် ကော်ဖီစေ့ဈေးနှုန်းများသည် ရိုဘတ်စတာအတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅,၇၀၀ ကျော်အထိ မြင့်တက်ခဲ့ပြီး အာရေးဗီကာအတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၃၀၀ ကျော်အထိ မြင့်တက်ခဲ့ကာ ၁၉၇၇ ခုနှစ်နောက်ပိုင်းတွင် စံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် နိုင်ငံပေါင်း ၄၀ ကျော်မှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိကတင်သွင်းခဲ့သောနိုင်ငံများမှာ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယား စသည့်နိုင်ငံများဖြစ်ပါသည်။

ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိဘဲ ကော်ဖီအသားတင်တင်သွင်းသည့်နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://ria.ru/20241201/kofe-1986699785.html

……………………………………………………………………………………………………

Agribusiness & Trade

## ရုရှားတွင် အလုပ်လက်မဲ့နှုန်းသည် ၂.၃ ရာခိုင်နှုန်းဖြင့် ထပ်မံစံချိန်တင်နိမ့်ကျ

ရုရှားနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၌ အလုပ်လက်မဲ့နှုန်းသည် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၂.၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း ရုရှားဖက်ဒရယ်စာရင်းအင်း ဝန်ဆောင်မှုဌာန(Rosstat)၏ အချက်အလက်များအရ သိရှိရသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း(ILO) ၏ နည်းစနစ်အညီ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေပေါင်း ၁.၈ သန်းကို အလုပ်လက်မဲ့အဖြစ် သတ်မှတ်ထားကြောင်း၊ အဆိုပါလူဦးရေအတွက် အလုပ်လက်မဲ့နှုန်းသည် ၂.၃ ရာခိုင်နှုန်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလုပ်လက်မဲ့လူဦးရေပေါင်း ၁.၈ သန်းတွင် ၁.၁ သန်းခန့်သည် မြို့ပြနေသူများဖြစ်ပြီး ၀.၇ သန်းခန့်သည် ကျေးလက်နေသူများဖြစ်သည်။ ယင်းတို့အနက် အသက် ၂၅ နှစ်အောက် လူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် ၁၉.၈ ရာခိုင်နှုန်းရှိပြီး အသက် ၅၀ နှစ်နှင့်အထက် အလုပ်လက်မဲ့နှုန်းသည် ၁၉.၉ ရာခိုင်နှုန်းရှိကာ လုပ်ငန်းအတွေ့အကြုံမရှိသူများမှာ ၂၈.၁ ရာခိုင်နှုန်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလအထိ ၄ လဆက်တိုက် အလုပ်လက်မဲ့နှုန်းမှာ ၂.၄ ရာခိုင်နှုန်းဖြစ်ပြီး ဧပြီလမှ မေလအထိ ၂.၆ ရာခိုင်နှုန်းဖြစ်ကာ နှစ်စပိုင်းတွင် ၂.၉ ရာခိုင်နှုန်း ဖြစ်ခဲ့သည်။

ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများ လိုအပ်နေပြီး လုပ်သားရှားပါးမှုသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအတားအဆီးတစ်ခု ဖြစ်နေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် အနိမ့်ဆုံးသို့ ရောက်ရှိနေပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်ရုံလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သားအင်အားမလုံလောက်မှုကို ကြုံတွေ့နေရသဖြင့် အဆိုပါလုပ်ငန်းများတွင် လိုအပ်သောအလုပ်သမားများ ဖြည့်ဆည်းပေးနိုင်ရေး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင် အာရှနိုင်ငံများနှင့် ဖော်ရွေသောနိုင်ငံများမှ ရုရှားနိုင်ငံသို့ ခေါ်ယူခန့်အပ်နိုင်ရန် ရုရှား အလုပ်သမားအေဂျင်စီများမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : [https://www.kommersant.ru/doc/7329310](https://www.kommersant.ru/doc/7329310)

## ရုရှားအစိုးရက ခေတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ရုပ်သိမ်း

ရုရှားအစိုးရသည် ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းလိုက်သော်လည်း အခြားတင်ပို့သူများအတွက်မှာမူ ဆက်လက်ကျင့်သုံးမည်ဟု အစိုးရသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစိုးရသည် ဓာတ်ဆီတင်ပို့မှု ယာယီတားမြစ်ချက်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့သော်လည်း အဆိုပါတားမြစ်ချက်သည် ရေနံထွက်ပစ္စည်း တိုက်ရိုက်ထုတ်လုပ်သူများ၏ တင်ပို့မှုများကို သက်ရောက်မည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်တွင် တည်ငြိမ်သော အခြေအနေကို ထိန်းသိမ်းရန်နှင့် ရေနံချက်လုပ်ငန်းကို ပံ့ပိုးပေးရန် ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)အဖွဲ့ဝင် နိုင်ငံများမှလွဲ၍ အခြားနိုင်ငံများသို့ ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်မှ စတင်ကျင့်သုံးခဲ့သည်။ ယင်းတားမြစ်ချက်ကို မေလကုန်တွင် ရုပ်သိမ်းခဲ့သော်လည်း ဩဂုတ်လတွင် ပြန်လည်စတင်ခဲ့ပြီး ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းရှိခဲ့သည်။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့သော်လည်း ရေနံချက်လုပ်ငန်း ထုတ်လုပ်သူများ၏ တင်ပို့မှုကို ခွင့်ပြုပေးခဲ့သည်။

ရုရှားအစိုးရသည် ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန် ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို လိုအပ်သလို ကန့်သတ်လျက်ရှိပြီး ဒီဇယ်ဆီတင်ပို့မှုကို တားမြစ်ထားခြင်း မရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသိပ္ပံ
မော်စကို

Source : https://ria.ru/20241130/eksport-1986609406.html

.......................................................................................................